# ကျေးလက်ကျန်းမာရေးဌာနများ၌ မြွေကိုက်လူနာပြုစုကုသခြင်း

မြွေကိုက်ရောဂါ ထိန်းသိမ်းရေးစီမံချက်

မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ

# အဆိပ်သင့်လက္ခဏာများ

**မြွေပွေး**

(၁) သွေးမခဲခြင်း၊ သွေးမတိတ်ခြင်း

(၂) နှာခေါင်းသွေးယိုခြင်း၊

(၃) အစာအိမ်သွေးယိုခြင်း

(၄) ခန္ဓာကိုယ်မှ သွေးယိုစိမ့်ခြင်း

(၅) သွေးပေါင်ကျခြင်း၊ နှလုံးခုန်မြန်ခြင်း

(၆) ဆီးတွင် သွေးပါခြင်း

(၇) ဆီးနည်းခြင်း (သို့မဟုတ်) ဆီးမထွက်ခြင်း

(၈) ဆီးထဲတွင် အသားဓာတ်ပါဝင်မှုများခြင်း

(၉) ချိုင်း/ပေါင်ခြံတို့တွင် အကျိတ်များကြီးလာခြင်း

# အဆိပ်သင့်လက္ခဏာများ

## မြွေဟောက်

(၁) မျက်ခွံလေးခြင်း၊ အာလေးလျှာလေးဖြစ်ခြင်း

(၂) အပေါ်မျက်ခွံနှစ်ဖက်တွဲကျခြင်း

(၃) အမြင်အာရုံဝေဝါးအားနည်းခြင်း

(၄) စကားပြော ခက်ခဲ/လေးလာခြင်း

(၅) ခန္ဓာကိုယ်ကြွက်သားများ အားနည်းခြင်း

(၆) အသက်ရှူခဲယဉ်းရာမှ လုံးဝရပ်ခြင်း

(၇) ကိုယ်ခန္ဓာပြာနှမ်းပြီး သတိလစ်၍ သေဆုံးခြင်း

# မြွေဆိပ်အပြင်းအထန် ပျံ့နှံ့ နေသည့် လက္ခဏာများ

- သွေးလန့်ခြင်း
- ခန္ဓာကိုယ် အတွင်း သွေးယိုစိမ့်မှု ပြင်းထန်ခြင်း

(ကိုယ်တွင်းအင်္ဂါများ၌ သွေးယိုခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းအမည်းရောင်သွားခြင်း၊ မြွေကိုက်သည့် နေရာ နှင့် ထိခိုက်ဒဏ်ရာ ရရှိသော နေရာများမှ အလွန်အမင်း သွေးထွက်ခြင်း၊ သွေးမတိတ်ခြင်း၊ ပျော့ခွေ မူးလဲခြင်း)

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း

(၁) မြွေကိုက်ခံရသည့်နေရာကို ရရာသန့်ရှင်းသော အဝတ်ဖြင့် တစ်ကြိမ်သာ ခပ်ဖွဖွသုတ်ပါ။ အားဖြင့် ဖိမပွတ်ရ။

(၂) အလျား (၃) လက်မ၊ အနံ (၃) လက်မ၊ အထူတစ်လက်မခွဲအရွယ် သန့်ရှင်း သော အဝတ်ကို ထူထူခေါက်၍ သော်လည်း ကောင်း၊ ပတ်တီးခေါက်တစ်ခုကို သော် လည်းကောင်း ဒဏ်ရာပေါ်တွင်တင်ပါ။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း

(၃) လက်ဖမိုး၊လက်ချောင်း (သို့မဟုတ်) ခြေဖမိုး၊ ခြေချောင်းများ တွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်လျော်ရာ အရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။

(၄) အဝတ်ခေါက်၏ အပေါ်တွင် ပတ်တီး (သို့မဟုတ်) အဝတ်စကို မြဲရုံ၊ တင်းရုံ (ခြေဆစ်လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင် သလောက်သာ) စည်းပါ။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း

(၅) ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း (သို့မဟုတ်) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသောခြေ (သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍ ကြပ်စည်းပါ။ ခြေဆစ်၊ လက်ဆစ်၏ အထက်နှင့်အောက်တို့တွင် ကြိုး (သို့မဟုတ်) ပတ်တီးဖြင့် တင်းသည်ဆိုရုံမျှ ချည်နှောင်ရမည်။

(၆) ခြေလက်တစ်ချောင်းလုံး အရှည်ရှိသော တုတ်ချောင်းမရနိုင် ပါက ဝါးခြမ်း နှစ်ခု၊ သုံးခုကို သင့်လျော်သလို ဆက်၍သုံးပါ။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း

(၇) လူနာကို လှုပ်ရှားမှု လုံးဝမပြုလုပ်စေဘဲ နီးစပ်ရာ ဆေးရုံဆေးပေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ရမည်။

(၈) ဖြစ်နိုင်ပါက မြွေသေကို တစ်ပါတည်းယူဆောင်လာပါ။ မြွေသေကို မယူလာနိုင်ပါက တယ်လီဖုန်းဖြင့် (မြွေ၏ဦးခေါင်း၊ အမြီး၊ ဂမ်းဗိုက်၊ ကျော) တို့အား ဓါတ်ပုံရိုက်၍ ယူဆောင်လာပါ။

ကိုက်သော မြွေကိုသိရှိပါက မှန်ကန်တိကျ သော မြွေဆိပ် ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူ ပြုသည်။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း

*** သတိပြုရန်မှာ မြွေဟောက်၊ ငန်းပုပ်၊ ငန်းတော်ကျား၊ သံကွင်းစွပ် စသော အသက်ရှူ ကြွက်သား များအား ထိခိုက်စေသော မြွေကိုက်ခံရပါ က အထက်ပါ ပြုစုမှုများအပြင် အကိုက်ခံရသော နေရာမှ ဆေးရုံသို့ သယ်ဆောင်လာစဉ် အတွင်း အသက်ရှူ အထောက်အကူ ပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုပေးရပါမည်။

# သန့်ရှင်းသော အဝတ်ဖြင့် ဖိ၍ စည်းခြင်း
# (Pressure Pad Immobilization)

- မြွေဟောက်၊ ငန်းပုပ်၊ ငန်းတော်ကြား၊ သံကွင်းစွပ် စသည့် အသက်ရှူကြွက်သားများအား ထိခိုက်စေသော မြွေများကိုက်ခြင်းကြောင့် အသက်ရှူရပ်၍ သေဆုံးနိုင်သည့်အထိ ဖြစ်ပွားစေနိုင်ပါသည်။
- အကိုက်ခံရသောနေရာမှ မြွေဆိပ်ပျံ့နှံ့မှုကို လျော့နည်းအောင် ပြုလုပ်ခြင်းဖြင့် အသက်ရှူရပ်၍ အသက်သေဆုံးခြင်းဖြစ်စဉ်ကို နှောင့်နှေးအောင် ပြုလုပ်နိုင်သည်။
- ထိုသို့မြွေဆိပ်ပျံ့နှံ့မှုကို လျော့နည်း စေရန်အတွက် အထက်ဖော်ပြပါ မြွေကိုက်လူနာ ရှေးဦးသူနာပြုစုခြင်း (အဆင့်၁မှ၄ထိ) နည်းလမ်း အား အသုံးပြုရပါမည်။

# သန့်ရှင်းသော အဝတ်ဖြင့် ဖိ၍ စည်းခြင်း
# (Pressure Pad Immobilization)



# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း



မြွေကိုက်ဒဏ်ရာအား
ရေနှင့်ရှေးဦးစွာဆေးပါ
(အလွယ်တကူရနိုင်လျှင်)။
လက်(၃)လုံးပတ်လည်
အရွယ်ရှိ
သန့်စင်သောအဝတ်ကို
ဒဏ်ရာပေါ်တွင်
ခေါက်တင်၍ ၄င်းအပေါ်မှ
ပတ်တီးကို မြဲမြံစွာ
စည်းနှောင်ပါ။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း



မြွေကိုက်ဒဏ်ရာအား
ရေနှင့်ရှေးဦးစွာဆေးပါ
(အလွယ်တကူရနိုင်လျှင်)။
လက်(၃)လုံးပတ်လည်
အရွယ်ရှိ
သန့်စင်သောအဝတ်ကို
ဒဏ်ရာပေါ်တွင်
ခေါက်တင်၍ ၎င်းအပေါ်မှ
ပတ်တီးကို မြဲမြံစွာ
စည်းနှောင်ပါ။



သို့သော်အလွန်အမင်းတင်းကြပ်စွာ မစည်းသင့်ပါ။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း



ပတ်တီးစည်းနှောင်ထားသော
ခြေ/လက်အား မလှုပ်ရှားနိုင်
အောင် သစ်/ဝါးချောင်းအရှည်
ဖြင့်ကပ်၍ကြိုး/ အဝတ်စဖြင့်
ပုံပါအတိုင်းချည်နှောင်ရမည်။
မြွေကိုက်ဒဏ်ရာသည်မည်
သည့်နေရာတွင်ရှိစေကာမူ
လူနာအားတတ်နိုင်သမျှ
ငြိမ်သက်စွာထားရမည်။
လမ်းမလျှောက်ရ။ သို့မဟုတ်
ပါကမြွေဆိပ်လျင်မြန်စွာ
ပျံ့နှံ့နိုင်သည်။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း



မြွေကိုက်ခံရသောလူနာအရျို့တွင် ငိုက်မြည်းခြင်း
ဟောက်သံကဲ့သို့အသက်ရှူသံပြင်းခြင်း၊ သတိလစ်
မေ့မျောခြင်းစသည့် လက္ခဏာများပေါ်ပေါက်လာပါက
ပုံပါအတိုင်းတစ်ဖက်သို့ စောင်း၍ အသက်ရှူခြင်းကို
ထောက်ကူပေးရမည်။

# မြွေကိုက်လူနာရှေးဦးသူနာပြုစုနည်း



အရေးကြီးဆုံးမှာ နီးစပ်ရာ
ကျန်းမာရေးဌာနသို့
အမြန်ဆုံးရောက်ရှိရန်
ဖြစ်သည်။လူနာအား
လမ်းမလျှောက်စေဘဲ
ထမ်းစင်၊ ဆိုက်ကား၊
ကား၊ လှေစသည်တို့ဖြင့်
အမြန်ဆုံး ပို့ဆောင်ရမည်။
ဖြစ်နိုင်လျှင်ကိုက်သည့်
မြွေအသေအား မိမိနှင့်
တပါတည်းယူဆောင်
လာရမည်။

# မြွေကိုက်လူနာ စမ်းသပ်စစ်ဆေးခြင်း လမ်းညွှန်

# လူနာရောဂါရာဇဝင်မေးမြန်းခြင်း

- အသက်
- ကျား/မ
- မြွေကိုက်ခံရသော နေ့ရက်နှင့်အချိန်
- ဆေးရုံရောက်ချိန်
- အကိုက်ခံရသည့်နေရာနှင့် အကိုက်ခံရစဉ် လုပ်ဆောင်နေသော အလုပ်အကိုင်
- ကျေးလက်ကျန်းမာရေးဌာနသို့ မရောက်ခင် လူနာကို မည်ကဲ့သို့ ပြုစုကုသခဲ့သနည်း
- မြွေပါသလား၊ မြင်လိုက်ပါသလား

# လူနာအားစမ်းသပ်ခြင်း

- အကိုက်ခံရသောနေရာ (မြွေကိုက်အစွယ်ရာနှင့် ဒဏ်ရာအနေအထား၊ ရောင်ရမ်းခြင်း (ရှိ/မရှိ) နှင့် ရောင်ရမ်းမှုပမာဏ)
- သက်ဆိုင်ရာ ပြန်ရည်ကျိတ် ရောင်ရမ်းမှု
- ကျောက်ကပ်နေရာ၌ နာကျင်ခြင်း ရှိ/မရှိ
- ခန္ဓာကိုယ်ရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းများမှ သွေးယိုစိမ့်/ သွေးထွက်မှု ရှိ/မရှိ စစ်ဆေးခြင်း (မြွေကိုက်ဒဏ်ရာ၊ မျက်စိ၊ နှာခေါင်း၊ သွားဖုံး၊ အူလမ်းကြောင်း၊ ဆီးလမ်းကြောင်း၊ ဓမ္မတာလာသည့် နေရာမှ သွေးဆင်းများခြင်း)
- အာရုံကြောအားနည်းမှုရှိ/မရှိ (မျက်ခွံလေးခြင်း၊ မျက်စိဖွင့်ရန် ခက်ခဲခြင်း၊ စကားပြောရန်ခက်ခဲခြင်း၊ သွားရည်ကျခြင်း၊ ခြေလက်အားနည်းခြင်း၊ အသက်ရှူရခက်ခဲ ခြင်း) အား စစ်ဆေးခြင်း
- ဆီးပမာဏ

# လူနာအားစစ်ဆေးခြင်း

- သွေးခဲ/ မခဲစစ်ဆေးခြင်း

  (20 WBCT ~ အခြေပြနှင့် ပြုလုပ်ချိန်မှတ်သားရန်)
- ဆီးတွင်း အသားဓာတ် ပါ/မပါ စစ်ဆေးခြင်း
- သွေးပေါင်ချိန်နှင့် သွေးခုန်နှုန်း

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန်

ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်လျှင်

↓

ရှေးဦးသူနာပြုစုနည်းဖြင့် ကုသပါ

↓

အရေးပေါ် အခြေအနေကို ပြုစုကုသပါ

↓

အနီးဆုံး ဆေးရုံသို့ ပို့ပါ

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေပွေး)

- 20 WBCT သွေးခဲ/မခဲ စစ်ပါ။

- အောက်ပါအဆိပ်ပျံ့လက္ခဏာများကို ကြည့်ပါ။

(၁) ရုတ်တရက် သတိလစ်ခြင်း

(၂) ဆီးနည်းခြင်း / ဆီးမသွားခြင်း

(၃) အကိုက်ခံသည့်နေရာ ရောင်ရမ်းခြင်း

(၄) ချိုင်းကြား၊ ပေါင်ကြားတွင် အကျိတ်ထွက်ခြင်း

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေပွေး)

သွေးခဲသော်လည်း အဆိပ်ပျံ့လက္ခဏာ ရှိသည်

(သို့မဟုတ်)

သွေးမခဲပါ (အဆိပ်ပျံ့လက္ခဏာ ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ)

↓

RHC တွင် ကုသမှု စတင်ပါ။

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေပွေး)

RHC တွင် ကုသမှု စတင်ခြင်း

- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံးASV (Viper), BPI (၈)လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက ASV (Viper), BPI (၁၆)လုံးပေးမည်။
- မြွေဆိပ်ဖြေဆေးလမ်းညွှန် အတိုင်း ကုသပါ။

လူနာ၏ အရေးပေါ် အခြေအနေကို စိတ်ချရအောင် ပြုစုကုသပေးပြီး အနီးဆုံး မြို့နယ်/တိုက်နယ် ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေပွေး)

သွေးခဲသည်။ အဆိပ်ပုံ့လက္ခဏာ မရှိပါက

လူနာ၏ အရေးပေါ် အခြေအနေကို စိတ်ချရအောင် ပြုစုကုသပေးပြီး အနီးဆုံး မြို့နယ်/တိုက်နယ် ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။

မပို့ဆောင်မီ စိုးရိမ်ဖွယ် အခြေအနေ ကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှု တောင်းခံပါ။

# မြွေပွေး

- 20 WBCT သွေးခဲ/မခဲစစ်ပါ
- အောက်ပါအဆိပ်ပျံ့လက္ခဏာများကိုကြည့်ပါ။

၁။ ရုတ်တရက်သတိလစ်ခြင်း
၂။ ဆီးနည်းခြင်း/ဆီးမသွားခြင်း
၃။ အကိုက်ခံရသည့်နေရာရောင်ရမ်းခြင်း
၄။ ချိုင်းကြား၊ ပေါင်ကြားတွင်အကျိတ်ထွက်ခြင်း

သွေးခဲသည်။
အဆိပ်ပျံ့လက္ခဏာမရှိပါ

သွေးခဲသော်လည်းအဆိပ်
ပျံ့လက္ခဏာရှိသည်။

သွေးမခဲပါ။
(အဆိပ်ပျံ့လက္ခဏာရှိသည်ဖြစ်စေ
၊မရှိသည်ဖြစ်စေ)

RHC တွင်ကုသမှုစတင်မည်

- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံး ASV(Viper) BPI (၈)လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန်ပျံ့နှံ့နေပါက ASV (Viper) BPI (၁၆)လုံးပေးပါ
- လူနာရှော့ခ်ရလျှင်ကုသပါ။

လူနာ၏အရေးပေါ်အခြေအနေကို စိတ်ချရအောင်ပြုစုကုသပြီးအနီးဆုံးမြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့အမြန်ပို့ဆောင်ပါ။မပို့ဆောင်မီစိုးရိမ်ဖွယ်အခြေအနေကြုံလာပါကနီးစပ်ရာဆေးရုံသို့ဆက်သွယ်ပြီးညွှန်ကြားမှုတောင်းခံပါ။

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေဟောက်)

အာရုံကြောအားနည်းလာခြင်း လက္ခဏာများ ရှိပါက

↓

- RHC တွင် ကုသမှု စတင်မည်
- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
- ASV (Cobra)BPI (၄)လုံး ပေးမည်။
- မြွေဆိပ်ဖြေဆေးလမ်းညွှန် အတိုင်းကုသပါ။

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေဟောက်)

- ပြွန်ထည့်ပြီး အသက်ရှူစက်နှင့် ထား၍ ကုသရန် လိုအပ်နိုင်သော ကြောင့် မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်/ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ရမည်။
- ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။
- လူနာ၏ အရေးပေါ် အခြေအနေကို စိတ်ချရအောင် ပြုစုကုသပေးပြီး အနီးဆုံး မြို့နယ်/တိုက်နယ် ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (မြွေဟောက်)

အာရုံကြောအားနည်းလာခြင်း လက္ခဏာများ မရှိသော်လည်း မြွေဟောက်ကိုက်ခံရခြင်းသေချာပါက

- လူနာ၏ အရေးပေါ် အခြေအနေကို စိတ်ချရအောင် ပြုစုကုသပေးပြီး အနီးဆုံး မြို့နယ်/တိုက်နယ် ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။
- မပို့ဆောင်မီ စိုးရိမ်ဖွယ် အခြေအနေ ကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှု တောင်းခံပါ။

**မြွေဟောက်**

အာရုံကြောအားနည်းလာခြင်းလက္ခဏာများ
ဥပမာ_မျက်ခွံလေး စကားမပြောနိုင်ခြင်း

ရှိ

RHC တွင်ကုသမှုစတင်မည်
- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
- ASV (Cobra) BPI (၄)လုံးပေးမည်။
မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။

ပြွန်ထည့်ပြီးအသက်ရှူစက်နှင့်ထား၍ကုသရန်လိုအပ်နိုင်သောကြောင့်မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်၊ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့လွှဲပြောင်းပို့ဆောင်ပေးရမည်။ပို့ဆောင်စဉ်တွင်လိုအပ်လျှင်အထောက်အကူပြုနိုင်သည့်ရှေးဦးသူနာပြုစုနည်းကိုအသုံးပြုရမည်။

မရှိ

လူနာ၏အရေးပေါ်အခြေအနေကို စိတ်ချရအောင်ပြုစုကုသပြီးအနီးဆုံးမြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့အမြန်ပို့ဆောင်ပါ။
မပို့ဆောင်မီစိုးရိမ်ဖွယ်အခြေအနေကြုံလာပါက နီးစပ်ရာဆေးရုံသို့ဆက်သွယ်ပြီးညွှန်ကြားမှုတောင်းခံပါ။

# မြွေကိုက်လူနာပြုစုကုသနည်း လမ်းညွှန် (ငန်းတော်ကြား)

- ငန်းတော်ကြား မြွေဆိပ်ဖြေဆေးမရှိသေးပါ။
- ပြွန်ထည့်ပြီး အသက်ရှူစက်နှင့် ကုသရန်လိုအပ်နိုင်သော ကြောင့် သက်ဆိုင်ရာမြို့နယ်/ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံသို့ ပို့ဆောင်ရမည်။
- ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။

# မြွေကိုက်လူနာပြုစုကုသနည်းလမ်းညွှန် (မြွေစိမ်းမြီးခြောက်)

- မြွေစိမ်းမြီးခြောက် မြွေဆိပ်ဖြေဆေး မရှိသေးပါ။

- 20 WBCT တွင် သွေးမခဲဘဲ ဖြစ်နေနိုင်သည်။

- လူနာကို အနီးကပ်စောင့်ရှောက်ရန် လိုအပ်သောကြောင့် နီးစပ်ရာ ဆေးရုံသို့ လွှဲပြောင်းပေးပါ။

# မြွေမပါလာခြင်း/မြွေအမျိုးအစား ခွဲခြား၍ မရခြင်း

- အာရုံကြော အားနည်းလာခြင်း ရှိမရှိကြည့်ရန်

- အာရုံကြောအားနည်းလာခြင်း **ရှိ** ပါက RHC တွင် ကုသမှု စတင်ပါ။

- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးပါ။

- ASV (Cobra)BPI (၄)လုံး ပေးမည်။

- ပြွန်ထည့်ပြီး အသက်ရှူစက်နှင့်ထား၍ ကုသရန် လိုအပ်နိုင်သောကြောင့် မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်/ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့ လွှဲပြောင်း ပို့ဆောင်ရမည်

# မြွေမပါလာခြင်း/မြွေအမျိုးအစား ခွဲခြား၍ မရခြင်း

- အာရုံကြော အားနည်းလာခြင်း ရှိမရှိကြည့်ရန်

- အာရုံကြောအားနည်းလာခြင်း **မရှိ** ပါက

- အာရုံကြောအားနည်းသည့် လက္ခဏာများကို ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုရန် လိုအပ်ပါသည်။

- 20 WBCT သွေးခဲ/မခဲ စစ်ပါ။

- မြွေပွေး အဆိပ်ပုံ့ လက္ခဏာများ ရှိ/မရှိ ကြည့်ပါ။

# မြွေမပါလာခြင်း/မြွေအမျိုးအစား ခွဲခြား၍ မရခြင်း

- မြွေပွေးအဆိပ်ပျံ့လက္ခဏာများကို ကြည့်ပါ။

    - ရုတ်တရက် သတိလစ်ခြင်း

    - ဆီးနည်းခြင်း/ဆီးမသွားခြင်း

    - အကိုက်ခံရသည့်နေရာ ရောင်ရမ်းခြင်း

    - ချိုင်းကြား၊ ပေါင်းကြားတွင် အကျိတ်ထွက်ခြင်း

သွေးခဲ/မခဲ နှင့် အဆိပ်ပျံ့ လက္ခဏာ များအပေါ် မူတည်၍ မြွေပွေးကိုက် လူနာအား ကုသသည့် အတိုင်းကုသပါ။

# မြွေမပါလာခြင်း/မြွေအမျိုးအစား ခွဲခြား၍ မရခြင်း

လူနာ၏ အရေးပေါ် အခြေအနေကို စိတ်ချရအောင် ပြုစုကုသပေးပြီး အနီးဆုံး မြို့နယ်/တိုက်နယ် ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။

မပို့ဆောင်မီ စိုးရိမ်ဖွယ် အခြေအနေ ကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှု တောင်းခံပါ။

**မြွေမပါလာပါ။**
**မြွေအမျိုးအစားခွဲခြား၍မရပါ**

အာရုံကြောအားနည်းလာခြင်း

ရှိ

RHC တွင်စတင်ကုသမည်
_မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
_ASV (Cobra) BPI (၄)လုံးပေးမည်။
_မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။

ပြွန်ထည့်ပြီးအသက်ရှူစက်နှင့်ကုသရန်လိုအပ်နိုင်သောကြောင့်မြွေဆိပ်ဖြေဆေးထိုးပြီးလျှင်သက်ဆိုင်ရာမြို့နယ်၊ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့လွှဲပြောင်းပို့ဆောင်ရမည်။ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကိုအသုံးပြုရမည်။

မရှိ

အာရုံကြောအားနည်းသည့်လက္ခဏာများကိုဆက်လက်၍စောင့်ကြပ်ကြည့်ရှုရန်လိုအပ်သည်

20 WBCTသွေးခဲ/မခဲစစ်ပါ
အောက်ပါအဆိပ်ပျံ့လက္ခဏာများကိုကြည့်ပါ။
၁။ရုတ်တရက်သတိလစ်ခြင်း
၂။ဆီးနည်းခြင်း/ဆီးမသွားခြင်း
၃။အကိုက်ခံရသည့်နေရာရောင်ရမ်းခြင်း
၄။ချိုင်းကြား၊ပေါင်ကြားတွင်အကြိတ်ထွက်ခြင်း

သွေးခဲသည်။
အဆိပ်ပျံ့လက္ခဏာမရှိပါ။

သွေးခဲသော်လည်း
အဆိပ်ပျံ့လက္ခဏာရှိသည်။

သွေးမခဲပါ။
(အဆိပ်ပျံ့လက္ခဏာရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ)

RHC တွင်ကုသမှုစတင်မည်
- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံး ASV(Viper) BPI (၈)လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန်ပျံ့နှံ့နေပါက ASV (Viper) BPI (၁၆)လုံးပေးပါ
- လူနာရွှေ့ခ်ရလျှင်ကုသပါ။

လူနာ၏အရေးပေါ်အခြေအနေကို စိတ်ချရအောင်ပြုစုကုသပြီးအနီးဆုံးမြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့အမြန်ပို့ဆောင်ပါ။
မပို့ဆောင်မီစိုးရိမ်ဖွယ်အခြေအနေကြုံလာပါက နီးစပ်ရာဆေးရုံသို့ဆက်သွယ်ပြီးညွှန်ကြားမှုတောင်းခံပါ။

# ကျေးလက်ကျန်းမာရေးဌာန၌ မြွေကိုက်လူနာပြုစုကုသနည်းလမ်းညွှန်

မြွေဆိပ်အပြင်းအထန်ပျံ့နှံ့နေသည့်လက္ခဏာများ
- သွေးလန့်ခြင်း
- ခန္ဓာကိုယ်အတွင်းသွေးယိုစိမ့်မှုပြင်းထန်ခြင်း
  (အတွင်းအင်္ဂါများ၌သွေးယိုခြင်း၊သွေးအန်ခြင်း၊ သွေးဝမ်းအမည်းရောင်သွားခြင်း၊
  မြွေကိုက်သည့်နေရာနှင့်ထိခိုက်ဒဏ်ရာရရှိသောနေရာများမှ အလွန်အမင်းသွေးထွက်ခြင်း၊သွေးမတိတ်ခြင်း၊)
- ပျော့ခွေမူးလဲခြင်း

ကျေးလက်ကျန်းမာရေးဌာနသို့ရောက်လျှင်

↓

ရှေးဦးသူနာပြုစုနည်းဖြင့်ကုသပါ

↓

အနီးဆုံးဆေးရုံသို့ပို့ပါ

↓

မပို့မီ အရေးပေါ်အခြေအနေကိုပြုစုကုသပါ

မြွေဆိပ်ဖြေဆေးအရေအတွက်သည်
လူကြီး / ကလေးအတွက် အတူတူဖြစ်သည်။
မြွေအကြီးအသေးပေါ်တွင် မူမတည်ပါ။

↓

မြွေအမျိုးအစားခွဲခြား၍ရနိုင်ပါသလား။

## မြွေပါလာသည်။ မြွေအမျိုးအစားခွဲခြား၍ရပါသည်။

### မြွေပွေး



- 20 WBCT သွေးခဲ/မခဲ စစ်ပါ။
- အောက်ပါအဆိပ်ပျံ့လက္ခဏာများကိုကြည့်ပါ။
  ၁။ ရုတ်တရက် သတိလစ်ခြင်း
  ၂။ ဆီးနည်းခြင်း/ဆီးမသွားခြင်း
  ၃။ အကိုက်ခံရသည့် နေရာရောင်ရမ်းခြင်း
  ၄။ ချိုင်းကြား၊ ပေါင်ကြားတွင် အကျိတ်ထွက်ခြင်း

- သွေးခဲသည်။ အဆိပ်ပျံ့လက္ခဏာမရှိပါ။ → (အောက်ဆုံးအကွက်သို့)
- သွေးခဲသော်လည်း အဆိပ်ပျံ့လက္ခဏာရှိသည်။ →
- သွေးမခဲပါ။ (အဆိပ်ပျံ့လက္ခဏာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) →

RHC တွင် ကုသမှုစတင်မည်
- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံး ASV (Viper) BPI (၈) လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက ASV (Viper) BPI(၁၆)လုံးပေးပါ။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။
- လူနာရှော့ခ်ရလျှင် ကုသပါ။

### မြွေဟောက်



အာရုံကြောအားနည်းလာခြင်းလက္ခဏာများ
ဥပမာ−မျက်ခွံလေး စကားမပြောနိုင်ခြင်း

မရှိ → (အောက်ဆုံးအကွက်သို့)

ရှိ ↓

RHC တွင် ကုသမှုစတင်မည်
- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
- ASV (Cobra) BPI (၄)လုံးပေးမည်။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။

↓

ပြွန်ထည့်ပြီး အသက်ရှူစက်နှင့် ထား၍ ကုသရန် လိုအပ်နိုင်သောကြောင့် မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်၊ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့လွှဲပြောင်းပို့ဆောင်ရမည်။ ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့်ရှေးဦး သူနာပြုစုနည်းကိုအသုံးပြုရမည်။

### ငန်းတော်ကြား



ငန်းတော်ကြား မြွေဆိပ်ဖြေဆေးမရှိသေးပါ။ ပြွန်ထည့်ပြီးအသက်ရှူစက်နှင့် ထား၍ကုသရန် လိုအပ်နိုင်သောကြောင့် သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့ ပို့ဆောင်ရမည်။ ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။

### မြွေစိမ်းမြီးခြောက်



- မြွေစိမ်းမြီးခြောက် မြွေဆိပ်ဖြေဆေးမရှိသေးပါ။
- 20 WBCT တွင်သွေးမခဲဘဲဖြစ်နေနိုင်သည်
- လူနာကို အနီးကပ်စောင့်ရှောက်ရန် လိုအပ်သောကြောင့် နီးစပ်ရာဆေးရုံသို့ လွှဲပြောင်းပေးပါ။

## မြွေမပါလာပါ။ မြွေအမျိုးအစားခွဲခြား၍မရပါ။

↓

အာရုံကြောအားနည်းလာခြင်း

ရှိ ↓

RHC တွင် ကုသမှုစတင်မည်
- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
- ASV (Cobra) BPI (၄)လုံးပေးမည်။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။

↓

ပြွန်ထည့်ပြီး အသက်ရှူစက်နှင့် ထား၍ ကုသရန် လိုအပ်နိုင်သောကြောင့် မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်၊ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ရမည်။ ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။

မရှိ ↓

အာရုံကြောအားနည်းသည့်လက္ခဏာများကိုဆက်လက်၍ စောင့်ကြပ်ကြည့်ရှုရန်လိုအပ်ပါသည်။

- 20 WBCT သွေးခဲ/မခဲ စစ်ပါ။
- အောက်ပါအဆိပ်ပျံ့လက္ခဏာများကိုကြည့်ပါ။
  ၁။ ရုတ်တရက် သတိလစ်ခြင်း
  ၂။ ဆီးနည်းခြင်း/ဆီးမသွားခြင်း
  ၃။ အကိုက်ခံရသည့် နေရာရောင်ရမ်းခြင်း
  ၄။ ချိုင်းကြား၊ ပေါင်ကြားတွင် အကျိတ်ထွက်ခြင်း

- သွေးခဲသည်။ အဆိပ်ပျံ့လက္ခဏာမရှိပါ။ → (အောက်ဆုံးအကွက်သို့)
- သွေးခဲသော်လည်း အဆိပ်ပျံ့လက္ခဏာရှိသည်။ →
- သွေးမခဲပါ။ (အဆိပ်ပျံ့လက္ခဏာရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) →

RHC တွင် ကုသမှုစတင်မည်
- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံး ASV (Viper) BPI (၈) လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက ASV (Viper) BPI(၁၆)လုံးပေးပါ။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။
- လူနာရှော့ခ်ရလျှင် ကုသပါ။

↓

လူနာ၏အရေးပေါ်အခြေအနေကိုစိတ်ချရအောင်ပြုစုကုသပြီး အနီးဆုံး မြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။ မပို့ဆောင်မီ စိုးရိမ်ဖွယ်အခြေအနေကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှုတောင်းခံပါ။

ပထမအကြိမ်ထုတ်ဝေခြင်း (၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ)

# မြွေဆိပ်ဖြေဆေး လမ်းညွှန်

လူနာသည် မြွေဆိပ်ဖြေဆေး ထိုးရန် လိုအပ်ပါက

- မှန်ကန်သော အမျိုးအစားနှင့် သင့်တော်သော ပမာဏ ကို ရွေးချယ်ပါ။

သေချာစွာ စစ်ဆေးရန်မှာ

- မြွေဆိပ်ဖြေဆေးသည် သက်တမ်း မလွန်ရ၊ အရောင်နောက်နေခြင်း၊ အခဲများ ပါဝင်နေခြင်း မရှိရ။

# မြွေဆိပ်ဖြေဆေး လမ်းညွှန်

- Adrenaline အပါအဝင် အရေးပေါ် အသက်ကယ်ရန် လိုအပ်သော ပစ္စည်းနှင့် ဝန်ထမ်းများ အဆင်သင့်ရှိရမည်။

- Adrenaline dose - Adult 1:1000= 1mg/ml, 0.5 ml(=0.5mg)

  - Children 0.01 mg/kg body weight

- IV Line တပ်ထားပါ

# မြွေဆိပ်ဖြေဆေး အကြောထဲ ထိုးသွင်းခြင်း

မြွေပွေးအတွက်

- မြွေပွေး မြွေဆိပ်ဖြေဆေး BPI (၈) လုံး (၈၀ CC)
- မြွေဆိပ် အပြင်းအထန် ပျံ့နှံ့နေသော လက္ခဏာ ရှိပါက BPI (၁၆) လုံး ထိုးပါ။

မြွေဟောက်အတွက်

- မြွေဟောက်မြွေဆိပ်ဖြေဆေး BPI (၄) လုံး ထိုးပါ။

# မြွေဆိပ်ဖြေဆေး အကြောထဲ ထိုးသွင်းခြင်း

- 2 ml/min နှုန်းဖြင့် ဖြည်းဖြည်းခြင်း ထိုးပါ။
- ဖြည်းဖြည်းခြင်း ထိုးနေစဉ် မြွေဆိပ်ဖြေဆေး မတည့် သည့် လက္ခဏာများဖြစ်သည့် ယားယံခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ချမ်းတုန်ခြင်း၊ အနီပြင် ထခြင်း၊ ဗိုက်အောင့်ခြင်း သွေးပေါင်ကျခြင်း၊ အသက်ရှူကျပ်ခြင်း စသည့် လက္ခဏာများ ကို ကြည့်ပါ

မြွေဆိပ်ဖြေဆေး မတည့်သည့် လက္ခဏာ ပေါ်ပေါက်ခြင်း **မရှိ**ပါက

မြွေဆိပ်ဖြေဆေးကို အနည်းဆုံး မိနစ် (၂၀) ကျော်ကြာ အကြောထဲ သို့

ထိုးသွင်းပါ။

မြွေဆိပ်ဖြေဆေး မတည့်သည့် လက္ခဏာ ပေါ်ပေါက်ခြင်း **ရှိ** ပါက

မြွေဆိပ်ဖြေဆေးကို ချက်ချင်းရပ်ပါ

မြွေဆိပ်ဖြေဆေး မတည့်သည့် လက္ခဏာကို ကုသပါ

- IM Adrenaline ကို ပေါင်တွင် ထိုးပါ

  (Adult 1:1000= 1mg/ml, 0.5 ml(=0.5mg, Children 0.01 mg/kg body weight)


- လူနာကို ပက်လက်လှန် ထားပါ
- အောက်ဆီဂျင်ပမာဏ များများ ပေးပါ
- လိုအပ်လျှင် အသက်ရှူ လမ်းကြောင်း အထောက်အကူပေးပါ

- အကြောဆေးကို အမြန်နှုန်းဖြင့် သွင်းပါ (Adult 1L, Children 20 ml/kg - လူနာတွင် အခြားရောဂါများ ရှိ/မရှိ ပေါ်မူတည်၍ ကြာမြင့်ချိန်ကို ချိန်ဆပါ)
- လိုအပ်ပါက IM Adrenaline ကို (၅) မိနစ်ခြား တစ်ခါ ထပ်ထိုးပါ
- အခြား ကုသမှုများကိုလည်း ထည့်သွင်းစဉ်းစားပါ

(ဥပမာ- အသက်ရှူကြပ်ခြင်းအတွက် Sabutamol ကို အငွေ့စက်ဖြင့် ပေးခြင်း၊ ယားယံခြင်းအတွက် Hydrocortisone/Burmeton ထိုးခြင်း)

အရေးပေါ်အခြေအနေ အား ကုသမှုပေးပြီး အနီးဆုံး/မြို့နယ် တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပါ။မပို့ဆောင်မီ စိုးရိမ်ဖွယ် အခြေအနေ ကြုံလာပါက နီးစပ်ရာ ဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှု တောင်းခံပါ

# မြွေဆိပ်ဖြေဆေးလမ်းညွှန်



လူနာသည် မြွေဆိပ်ဖြေဆေးထိုးရန် လိုအပ်ပါက
မှန်ကန်သောမြွေဆိပ်ဖြေဆေးအမျိုးအစားနှင့်
သင့်တော်သောပမာဏကိုရွေးချယ်ပါ
သေချာစွာစစ်ဆေးရန်မှာ
- မြွေဆိပ်ဖြေဆေးသည် သက်တမ်းမလွန်ရ၊အရောင်နောက်
နေခြင်း၊ အခဲများပါဝင်ခြင်းမရှိစေရ
- Adrenaline အပါအဝင် အရေးပေါ်အသက်ကယ်ရန်
လိုအပ်သောပစ္စည်းနှင့်ဝန်ထမ်းများအဆင်သင့်ရှိရမည်။
(Adult 1:1000=1mg/ml,0.5ml(=0.5mg),
Children 0.01mg/kg body weight)
- IV Line တပ်ထားပါ
မြွေဆိပ်ဖြေဆေးအကြောထဲထိုးသွင်းခြင်းစတင်ပါ။
- မြွေပွေးအတွက်ဆိုလျှင် မြွေပွေးမြွေဆိပ်ဖြေဆေး BPI (၈)လုံး (80cc)
မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက BPI (၁၆)လုံးထိုးပါ။
- မြွေဟောက်အတွက်ဆိုလျှင် မြွေဟောက်မြွေဆိပ်ဖြေဆေး BPI (၄)လုံး
(40cc)ထိုးပါ။
- (2ml/min) နှုန်းဖြင့်ဖြည်းဖြည်းချင်းထိုးပါ။
- ဖြည်းဖြည်းချင်းထိုးနေစဉ် မြွေဆိပ်ဖြေဆေးမတည့်သည့် လက္ခဏာများဖြစ်သည့်
ယားယံခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ချမ်းတုန်ခြင်း၊ အနီပြင်ထခြင်း၊
ဗိုက်အောင့်ခြင်း၊ သွေးပေါင်ကျခြင်း၊ အသက်ရှူကျပ်ခြင်းစသည့် လက္ခဏာများကို
ကြည့်ပါ။
မြွေဆိပ်ဖြေဆေးမတည့်သည့်လက္ခဏာပေါ်ပေါက်ခြင်း
ရှိ
မရှိ
မြွေဆိပ်ဖြေဆေးကိုပြီးဆုံးအောင်အနည်းဆုံးမိနစ်(၂၀)ကျော်ကြာ
အကြောထဲသို့ထိုးသွင်းပါ။
မြွေဆိပ်အပြင်းအထန် ပျံ့နေပါက မြွေပွေးမြွေဆိပ်ဖြေဆေး
(၁၆)လုံးအထိ ထိုးရန်လိုအပ်သည်။
ဆေးမတည့်သည့်လက္ခဏာပေါ်ပေါက်လာပါက
မြွေဆိပ်ဖြေဆေးထိုးခြင်းကို ချက်ချင်းရပ်ပါ
မြွေဆိပ်ဖြေဆေးမတည့်သည့်လက္ခဏာကိုကုသပါ
မြွေဆိပ်ဖြေဆေးထိုးခြင်းကို ရပ်ပြီးနောက်
- IM Adrenaline ကိုပေါင်တွင်ထိုးပါ(Adult 1:1000=1mg/ml,
0.5ml (= 0.5mg), Childern 0.01 mg/kg body weight)
- လူနာကို ပက်လက်လှန်ထားပါ၊ အောက်စီဂျင်ပမာဏများများပေးပါ။ လိုအပ်လျှင် အသက်ရှူလမ်း
ကြောင်းအထောက်အကူပေးပါ
- အကြောဆေးပုလင်းကိုအမြန်နှုန်းဖြင့်သွင်းပါ(Adult 1L, Childern 20ml/kg)
- လိုအပ်ပါက IM Adrenaline ကို(၅)မိနစ်ခြားတစ်ခါထပ်ထိုးပါ
- အခြားကုသမှုများကိုလည်း ထည့်သွင်းစဉ်းစားပါ
ဥပမာ–အသက်ရှူကြပ်ခြင်းအတွက် Salbutamolကို အငွေ့စက်ဖြင့် ပေးခြင်း၊ ယားယံခြင်း
အတွက် Hydrocortisone & Burmeton ထိုးခြင်း
လူနာ၏ အရေးပေါ်အခြေအနေကိုစိတ်ချရအောင် ပြုစုကုသပြီး
အနီးဆုံးမြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။
မပို့ဆောင်မီ စိုးရိမ်ဖွယ်အခြေအနေကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှုတောင်းခံပါ။